**မြန်မာနိုင်ငံနိုင်ငံရေးအကျဉ်းသားများမိသားစုအကျိုးဆောင်ကွန်ယက် ၊**
**မြန်မာနိုင်ငံဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်ကျောင်းသားများကွန်ယက် ၊**
**စက်မှုတက္ကသိုလ်ကျောင်းသားများကွန်ယက်၊ မိတ္ထီလာမြို့ပြည်သူ့အကျိုးဆောင်ကွန်ယက် နှင့်**
**ရန်ကုန်ပြည်သူ့အကျိုးဆောင်ကွန်ယက်**
**သတင်းထုတ်ပြန်ကြေငြာချက်**
**၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၄)ရက်**
**၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်**

# မြေသိမ်းတိုက်ပွဲ

(၅.၉.၂၀၁၂)ရက်နေ့

၅.၉.၂၀၁၂ရက်နေ့ မြေသိမ်းတိုက်ပွဲ (၁၃)ရက်မြောက်နေ့တွင်ဒေသခံပြည်သူများမှ မုံရွာ-ပုသိမ်လမ်းဆုံ၌ နေ့လည် (၁၁း၀၀)နာရီမှစတင်ကာဆန္ဒပြမှုများကို စတင်ခဲ့ပြီး လက်ပန်တောင်းတောင်ကြေးနီစီမံကိန်း လုံးဝရပ်ဆိုင်းရန် ဆန္ဒကို ထုတ်ဖော်ခဲ့ကြပါသည်။ လက်ပန်တောင်းတောင်ဒေသ တွင် လက်ပန်တောင်းတောင်ကြေးနီစီမံကိန်းကြောင့် ရွာရွှေ့ပြောင်း ခံရသော ရွာသူရွာသားများ ယာမြေသိမ်းခံထားရ သော တောင်သူများ သဘာဝပတ်ဝန်းကျင် ပျက်ဆီးသွားမည်ကို မလိုလားသောဒေသခံများ အင်အား(၄၀၀၀) ကျော်နှင့် အတူ မန္တလေး ဗကသများအဖွဲ့ချုပ်၊ မုံရွာ ဗကသများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ မိသားစု အကျိုးဆောင် ကွန်ယက်၊ မြန်မာနိုင်ငံ ဝဇ္ဇာ၊သိပ္ပံ တက္ကသိုလ်ကျောင်းသား များ ကွန်ယက်၊ ရန်ကုန် ပြည်သူ့အကျိုး ဆောင် ကွန်ယက် တို့က ပူးပေါင်းပါဝင်၍ လက်ပန်တောင်းတောင်ကြေးနီစီမံကိန်း လုံးဝရပ်ဆိုင်းရေး ဆန္ဒပြလက်မှတ် တောင်းယူမှုနှင့်  မြေသိမ်းတိုက်ပွဲဆက်လက်ဆောင်ရွက်ပြီး ရှုံချမီးသင်္ဂြိုလ်ပွဲ( ဦးပိုင် (၂၄)နှစ်၊ ဦးတရုတ်ကြီး (၂၄)နှစ်၊ ပုဒ်မ-၁၄၄ (၁)နှစ်)ကို ပြုလုပ်ခဲ့သည်။ မြေသိမ်းတိုက်ပွဲနှင့်     ရှုံချမီးသင်္ဂြိုလ်ပွဲတွင် မြန်မာနိုင်ငံ နိုင်ငံရေးအကျဉ်းသားများ မိသားစုအကျိုးဆောင် ကွန်ယက်မှ ကွန်ယက်တာဝန်ခံ ကိုဟန်ဝင်းအောင်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(မန္တလေး)မှ ကိုမိုးထက်နေ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ၊သိပ္ပံ တက္ကသိုလ် ကျောင်းသားများ ကွန်ယက်မှ ကွန်ယက်တာဝန်ခံ ကိုသောင်းထိုက်၊ ရန်ကုန် ပြည်သူ့အကျိုးဆောင် ကွန်ယက်မှ ကိုအောင်စိုး တို့က ဟောပြောမှုများ ပြုလုပ်ခဲ့ပြီး လက်ပန်တောင်းတောင်ကြေးနီစီမံကိန်း လုံးဝရပ်ဆိုင်းရေးနှင့်ဆိုင်သော မြေဆိုက်ဆိုင်းဘုတ်များကို စိုက်ထူခဲ့ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ကျောင်းသားများ၊ ပြည်သူ့အကျိုး ဆောင်ကွန်ယက်များကို ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုပြီး မြေသိမ်းတိုက်ပွဲကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

မှတ်ချက်။        ။ပြည်သူလူထုကြီးကတဆင့် ပေးပို့လာသော သတင်းများကို တဆင့်ဖြန့်ဝေပေးလိုက်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ
(၅.၉.၂၀၁၂)